# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

# Presentation for Strategic Communications of MESC

နေပြည်တော်

၂ - ၁၁ - ၂၀၁၆

# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဖွဲ့စည်းခြင်း

လျှပ်စစ်ဥပဒေ(၂၀၁၄) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေး ဆန်ဆန် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ပြင်ပတွင် မိမိဝင်ငွေအပေါ် ရပ်တည်သည့် (၁၀၀%) နိုင်ငံတော်မှ ပိုင်ဆိုင်သော အဖွဲ့အစည်း အဖြစ် (၁.၄.၂၀၁၅) ရက်နေ့မှ စ၍ မန္တလေးလျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကို ဖွဲ့စည်းခဲ့ပါသည်။

# ကော်ပိုရေးရှင်း၏ ရည်မှန်းချက်

၁။ လျှပ်စစ်ဓာတ်အား သုံးစွဲသူများ လိုအပ်သော လျှပ်စစ်ဓာတ်အားကိုလုံလောက်စွာ ရရှိစေရေးအတွက် စီမံဆောင်ရွက်ရန်

၂။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေး စီမံဆောင်ရွက်ရန်

၃။ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အား သုံးစွဲသူများ ထံသို့ စဉ်ဆက်မပြတ် စနစ်တကျ ဖြန့်ဖြူးပေးရန်

၄။ လျှပ်စစ်ဓာတ်အားခများ အပြည့်အဝရရှိစေရေးအတွက် ကြီးကြပ် ဆောင်ရွက်ရန်

၅။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များ ပိုမိုတိုးတက်ကောင်းမွန်လာ စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ဆောင်ရွက်ရန်

# ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေ ရရှိသုံးစွဲမှု

❖ ကော်ပိုရေးရှင်း၏ အဓိကဝင်ငွေမှာ ဓာတ်အားရောင်းရငွေ ဖြစ်ပြီး ရရှိသော အမြတ်ငွေအပေါ် ဝင်ငွေခွန် (၂၅%)နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ (၂၀%) ကို နိုင်ငံတော်သို့ ပေးသွင်းပြီး ကျန်အသားတင်အမြတ်ငွေဖြင့်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ အပါအဝင် လိုအပ်သည့် လုပ်ငန်းသုံး ရန်ပုံငွေများ အဖြစ် သုံးစွဲ၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

# ကော်ပိုရေးရှင်းကိုယ်စား ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း

❖ နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ ပုဂ္ဂလိက ရင်းနှီးမြုပ်နှံမှု အခန်းကဏ္ဍအနေဖြင့် ကော်ပိုရေးရှင်း၏ဖွဲ့စည်းပုံအရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၃၄)မြို့နယ်အနက်  (၃၃)မြို့နယ်အား ပြည်တွင်း ပုဂ္ဂလိက ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီ(၈)ခုကို ကော်ပိုရေးရှင်းကိုယ်စား ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

# ကော်ပိုရေးရှင်း၏ ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ အချက်အလက်များ

| | |
|---|---|
| ❖ လူဦးရေ | ( ၆ )သန်း ခန့် |
| ❖ အိမ်ထောင်စု ဦးရေ | ( ၁.၂ )သန်း ခန့် |
| ❖ ဓာတ်အားသုံးစွဲသူဦးရေ | ( ၆၂၁၁၂၈ ) ဦး |
| ❖ ဓာတ်အားသုံးဆွဲသူဦးရေ တိုးနှုန်း | ( ၁၅ % ) ခန့် |
| ❖ ဓာတ်အားသုံးစွဲမှု ပမာဏ | ( ၅၀၀ ) မဂ္ဂါဝပ်ခန့် |
| ❖ ဓာတ်အားသုံးစွဲမှု တိုးနှုန်း | ( ၁၅ % ) ခန့် |

# ကော်ပိုရေးရှင်း၏ ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ အချက်အလက်များ

- ကျေးရွာပေါင်း ( ၄၇၇၉ )ရွာ
- ဓာတ်အားစနစ်သုံးစွဲလျက်ရှိသည့် ကျေးရွာပေါင်း (၁၆၄၇) ရွာ
- အခြားနည်းဖြင့် ဓာတ်အားသုံးစွဲလျက်ရှိသည့် ကျေးရွာပေါင်း (၂၁၄၀)ရွာ
- လုံးဝဓာတ်အားသုံးစွဲနိုင်ခြင်း မရှိသေးသည့် ကျေးရွာပေါင်း (၉၉၂)ရွာ

# NEP ပထမအဆင့် ဆောင်ရွက်မည့် လုပ်ငန်း

- ❖ ဓာတ်အားရရှိနိုင်မည့် ကျေးရွာပေါင်း ( ၃၉၃ )ရွာ
- ❖ ၎င်းကျေးရွာများဓာတ်အားရရှိနိုင်ရန်ဆောင်ရွက်ရမည့် လုပ်ငန်းများ
  - ၁၁ကေဗွီ ဓာတ်အားလိုင်း ( ၄၇၂.၃၃ )မိုင်
  - ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ ( ၄၀၁) လုံး
- ❖ လျာထားရန်ပုံငွေ ( ၈.၄၈ Million) US$
- ❖ ဒေသအစီအစဉ်ဖြင့် ဖြည့်စွက်ဆောင်ရွက်ရမည့်လုပ်ငန်း
  - ၄၀၀ဗို့ ဓာတ်အားလိုင်း ( ၃၃၉.၀၇) မိုင်
  - ခန့်မှန်းကုန်ကျငွေ ( ၁၅.၁၉) ကျပ် သန်းပေါင်း

# ကော်ပိုရေးရှင်း နှင့် လွှတ်တော်

# ကော်ပိုရေးရှင်းနှင့် လွှတ်တော် ဆက်သွယ်ဆောင်ရွက်ခြင်း

- ကော်ပိုရေးရှင်းမှ လွှတ်တော်များသို့ တိုက်ရိုက်ပုံမှန်တင်ပြ အစီရင်ခံရခြင်းမရှိပါ။
- ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် ပြည်ထောင်စုလွှတ်တော် မှ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းလာသော မေးခွန်းများကို ပြည်ထောင်စု ဝန်ကြီးဌာနမှ ပြန်လည် ဖြေကြားရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပို ရေးရှင်း နှင့် ပတ်သက်သည့် ကိစ္စရပ်များအား ကော်ပိုရေးရှင်းမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ဖြေကြားတင်ပြရပါသည်။
- မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ မေးမြန်းလာသော မေးခွန်းများနှင့် ပတ်သက် ၍ မန္တလေး လျှပ်စစ် ဓာတ်အား ပေးရေးကော်ပိုရေးရှင်းမှ ပြည်ထောင်စု ဝန်ကြီး ဌာန၏ အတည်ပြုချက်ဖြင့် ပြည်လည်းဖြေကြားတင်ပြရပါသည်။

# ကော်ပိုရေးရှင်း နှင့် အခြားဌာနဆိုင်ရာများ

# ကော်ပိုရေးရှင်းနှင့် ဌာနဆိုင်ရာများ ဆက်သွယ်ဆောင်ရွက်ခြင်း

- တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများကို လုပ်ငန်း လိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရပါသည်။
- အထူးသဖြင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ရသုံးမှန်ခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့နှင့် လုပ်ငန်းများဆက်သွယ် ဆောင်ရွက်လျက် ရှိပါသည်။

# ကော်ပိုရေးရှင်း နှင့် ဝန်ကြီးဌာနအတွင်း ဌာနဆိုင်ရာများ

# ကော်ပိုရေးရှင်းနှင့် ဝန်ကြီးဌာနတွင်း ဆက်သွယ်ဆောင်ရွက်ခြင်း

- လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း တို့နှင့် ပုံမှန် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။
- ထို့အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး အတွင်း ပြည်ပအဖွဲ့အစည်းများ၏ ချေးငွေ အကူအညီဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပုံမှန် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

# ကော်ပိုရေးရှင်း နှင့် ပုဂ္ဂလိကဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီများ

# ကော်ပိုရေးရှင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ဆက်သွယ်ဆောင်ရွက်ခြင်း

- မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကိုယ်စား ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားသည့် ပုဂ္ဂလိက ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီ (၈)ခုနှင့် ပုံမှန်လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

# ကော်ပိုရေးရှင်း၏ ဌာနအတွင်း ဆက်သွယ်ဆောင်ရွက်ခြင်း

# ကော်ပိုရေးရှင်း၏ ဌာနတွင်း ဆက်သွယ်ဆောင်ရွက်ခြင်း

- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ( ရုံးချုပ် )တွင် ဒါရိုက်တာအဖွဲ့ရုံး၊ အမှုဆောင်အရာရှိချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ပစ္စည်းစီမံရေးဌာန၊ အင်ဂျင်နီယာ စီမံရေးဌာနနှင့် ဓာတ်အားဖြန့်ဖြူးရေးဌာနတို့ ပါဝင်ဖွဲ့စည်းထားပါသည်။
- တိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၇)ခုတွင် ခရိုင်လျှပ်စစ်မန်နေဂျာရုံးများ နှင့် သက်ဆိုင်ရာ ခရိုင်အလိုက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ ဖွဲ့စည်းထားရှိပါသည်။
- ကော်ပိုရေးရှင်း (ရုံးချုပ်) ရှိ ဌာနများအချင်းချင်းနှင့် ခရိုင်လျှပ်စစ်မန်နေဂျာရုံးများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ အကြား ပုံမှန် ဆက်သွယ်ဆောင်ရွက် လျက်ရှိပါသည်။

# ကော်ပိုရေးရှင်းနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများ

# ကော်ပိုရေးရှင်းနှင့် ဓာတ်အားသုံးစွဲသူပြည်သူများ ဆက်သွယ်ဆောင်ရွက်ခြင်း

- ဓာတ်အားသုံးစွဲလျက်ရှိသော ပြည်သူများ၏ ဓာတ်အားပြတ်တောက်မှုအစရှိသော သတင်းပေးပို့ချက်များနှင့် သတင်းရယူလိုသည့် အကြောင်းအရာများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများသို့ ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။
- ကော်ပိုရေးရှင်းရုံးချုပ်တွင်လည်း ပြည်သူ့ဆက်ဆံရေးဝန်ဆောင်မှုဌာနစိတ် ( Call Center)ဖွင့်လှစ်ထားရှိပြီး ဓာတ်အားသုံးစွဲလျက်ရှိသည့် ပြည်သူများ၏ သတင်း စုံးစမ်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားဆောင်ရွက်လျက်ရှိပါသည်။

## ကော်ပိုရေးရှင်းနှင့် ဓာတ်အားသုံးစွဲသူပြည်သူများ ဆက်သွယ်ဆောင်ရွက်ခြင်း

- နေ့စဉ် ဓာတ်အားဖြန့်ဖြူးခြင်းနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ် သတင်းများနှင့် ပြည်သူအများ သိရှိရန် လိုအပ်သည့် သတင်းအချက်အလက်များကို ကော်ပိုရေးရှင်း၏ Face book account မှ အချိန်နှင့် တပြေးညီသတင်း ထုတ်ပြန်ပေးလျက်ရှိပါသည်။
- ထို့အပြင် ပုံမှန် ထိန်သိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယာယီဓာတ်အားပြတ်တောက်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းစသည်တို့ကို သတင်းစာ ၊ ဂျာနယ်များတွင် ထည့်သွင်းဖော်ပြ၍ ပြည်သူများအား အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

# ကော်ပိုရေးရှင်းနှင့် ဓာတ်အားသုံးစွဲသူပြည်သူများ ဆက်သွယ်ဆောင်ရွက်ခြင်း

- ❖ ပြည်သူများ သိရှိရန် လိုအပ်သည့် သတင်းအချက် အလက်များ ကို အချိန်နှင့် တပြေးညီ သိရှိနိုင်ရန် ရပ်ကွက်အတွင်း အသံချဲ့စက် ( Loud Speaker )များဖြင့် လှည့်လည် ကြေငြာ၍ အသိပေးလျက်ရှိပါသည်။
- ❖ လျှပ်စစ်နှင့် ပတ်သက်၍ ပြည်သူများ သိရှိရန် လိုအပ်သော အသိပညာ ဗဟုသုတများကို သိရှိနိုင်စေရန်အတွက် သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

# ကော်ပိုရေးရှင်းနှင့် ဓာတ်အားသုံးစွဲသူပြည်သူများ ဆက်သွယ်ဆောင်ရွက်ခြင်း

- ❖ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ် ပုံမှန် ဆောင်ရွက်လျက်ရှိသော သတင်းထုတ်ပြန်ခြင်း အစီအစဉ်တွင် ကော်ပိုရေးရှင်းနှင့် ပတ်သက်၍ ပြည်သူအများ သိရှိလိုသည့် သတင်းအချက်အလက်များကို မီဒီယာများမှ တစ်ဆင့် ပုံမှန် သတင်း ထုတ်ပြန် အသိပေးဆောင်ရွက်လျက်ရှိပါသည်။
- ❖ အများပြည်သူများကိုယ်စား သိလိုသည့် သတင်းအချက် အလက်များကို ကော်ပိုရေးရှင်းသို့ လာရောက်တွေ့ဆုံမေးမြန်းသည့် သက်ဆိုင်ရာ သတင်းမီဒီယာများကိုလည်း တာဝန်ရှိသူများမှ လက်ခံတွေ့ဆုံ၍ ရှင်းလင်းဖြေကြားပေးလျက်ရှိပါသည်။

# ကော်ပိုရေးရှင်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

# ကော်ပိုရေးရှင်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

- ကော်ပိုရေးရှင်း၏ သက်ဆိုင်ရာ Channel များအလိုက် လက်ရှိဆက်သွယ် ဆောင်ရွက် လျက်ရှိသော ရုံး စာရွက်စာတမ်းများဖြင့် ဆက်သွယ်ဆောင်ရွက်သည့် စနစ်မှ e-government စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။
- ပြည်သူများအား အသိပေးရန်လိုအပ်သည့် ကော်ပိုရေးရှင်း၏ သတင်းအချက် အလက်များကို ကော်ပိုရေးရှင်း Website Page တစ်ခု တည်ထောင်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ကော်ပိုရေးရှင်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

- Call Center မှ သီးသန့် Hot Line တစ်ခု ဖွင့်လှစ်၍ ပြည်သူများ သိရှိလိုသည့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ရှင်းလင်းဖြေကြားဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ပြည်သူများသိရှိရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် အသိပညာဗဟုသုတများကို ရေဒီယို FMနှင့် ရုပ်မြင်သံကြားလိုင်းများတွင် ထုတ်လွှင့်၍ ပညာပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးဇူးတင်ပါသည်။

# Ministry of Electricity and Energy

MOEE

# Presentation for Strategic Communications of MESC

Nay Pyi Taw

2.11.2016

Mandalay Electricity Supply Corporation

# Organization of Madalay Electricity Supply Corporation

MESC was established in 1st April 2015 as a corporation which is out of Union Budget , stands with its own income budget and 100% own by Union government according to the electricity law 2014 with the agreement of the state to carry out commercially concer with Market Economy.

# Objectives of Corporation

1. To carry out the action to ensure sufficient supply of electricity power for consumers.
2. To carry out the plan to decrease losses of electricity power .
3. To distribute qualified electricity to consumers continuously and systematically.
4. To supervise for ensuring sufficient supply of electricity.
5. To Cooperate with related Government , Departments , Local and International Organizations to enhance better performance of MESC.

# Corporation's Budget Achievements and Expenses

Major income of corporation is from scale of electricity power. Income tex is 25% and contribution to state is 20% . With net profit , we operate the process by spending electricity distibution investment fund and activity fund.

# Permission Distribution process instead of Corporation

According to our Constitution, we give permit to 8 private distribution companies to supply electricity to 33 township of 34 in Mandalay region on behalf of corporation as private sector in accordance with state economic policies.

# Distribution Data of Corporation

| | |
|---|---|
| ❖ Population | about ( 6 ) million |
| ❖ Number of household | about ( 1.2 ) million |
| ❖ Number of consumers | ( 621128 ) |
| ❖ increment of consumers | about 15% |
| ❖ Amount of electricity Load | about 500MW |
| ❖ increment of electricity Load | about 15% |

# Distribution Data of Corporation

| | |
|---|---|
| ❖ Total villages | (4779 ) |
| ❖ Total number of villages using electricity | ( 1647) |
| ❖ Total number of villages using electricity in other ways | ( 2140 ) |
| ❖ Total number of villages which have no electricity | ( 992 ) |

# Process of NEP in Phase I

| | |
|---|---|
| ❖ Total number of villages which will get electricity | (393) |
| ❖ The process to electrify these village | |
| - 11kV Line | (472.33) Mile |
| - 11/ 0.4 kV Transformer | (401) Nos |
| ❖ Appropriate Budget | (8.48) Million US$ |
| ❖ Process which are in addition by Regional area | |
| - 400 Volt Lines | ( 339.07) Miles |
| - Estimate cost | (15.19)Million Kyats |

# Corporation and Hluttaw

# Communication of Hluttaw and Corporation

No direct data connection between Hlutaw and Corporation. MOEE gave explanations and answers concerning MESC affairs in contact with MESC on behalf of MESC.

Regional Minister explained answered questions from Regional Hluttaw in contact with MESC by comfrming of Union Ministry .

# Corporation and Government

# Communication of Government and Corporation

Corporation has to cooperate with the Departments under the Regional authority. Especially with Planning department, Budget department , Internal Revenue department, Pension Department, Department of Audit General , Mandalay City Development Committee, Social Security Board, Department of General Administration.

Corporation and communication within Ministry

# Communication within Ministry

We also has communication within our Ministry like DPTSC such dealing with Electricity. We also has communication with international organizations in accordance with the loan projects in our region.

# Corporation and Private Distribution Companies

# Communication of priviate Companies and Corporation

We take cooperation with 8 private companies to make distribution process in our regions instead of corporation .

# Communication within Corporation

# Communication within Corporation

MESC head office was composed of

1. Board of Directors office
2. Chief Executive Officer office
3. Adminstration Department
4. Finance Department
5. Materials planning Department
6. Planning Engineers Department and
7. Electricity Distribution Department.

District Electricity Manager Offices and Township Electricity Manager Offices in 7 respective District in Mandalay region.

We have regular communication within our departments and Electricity Manager Offices.

.

# Corporation and Public

# Communication with Public

We communicate with respective District Manager office if consumer would like to know the information of Electricity shortage.

We open Call Center for public to get the direct call that they would like to know. Call Center explain and answer the information that the public asked.

# Communication with Public

MESC also has Mesc Mesc Facebook account to make pre-announcement about electricity shortage and requirement information up to date.

MESC also makes pre-declaration of maintenance works, temporary Electricity shortage , and safety of Electricity in Mandalay and Yadanarbon daily newspaper.

# Communication with Public

To keep up to date information we make announcement with Loud speaker to contribute information to public.

We also have talk shows in schools, Universities and township office to know the public about knowledge of electricity.

# Communication with Public

We participate in regular press conference and press released of Union Ministry with media.

We answer the questions that the media collected the information for public wanted .

# Plan for Future Communication of Corporation

# Plan for Future Communication of Corporation

The office work of corporation in respective channels are going to use with e-government system .

We are going to make a website Page to widely declare the up to date information.

# Plan for Future Communication of Corporation

We are going to make Hot Line phone number from Call Center to give the latest information to public .

We are going to involve in FM radio and Television program to deliver the informations and Knowledges to public.

**Thank you**